# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကယားပြည်နယ်လွှတ်တော်

# ကယားပြည်နယ်

# အသေးစားငွေချေးလုပ်ငန်းဥပဒေ

( ၂၀၂၁ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂၄ ။ )

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | ရည်ရွယ်ချက်များ | ၄ |
| ၃။ | အခန်း (၃) | အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း | ၅ |
| ၄။ | အခန်း (၄) | အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၆ |
| ၅။ | အခန်း (၅) | အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများ၏ အရေအတွက် သတ်မှတ်ချက်များ | ၈ |
| ၆။ | အခန်း (၆) | အသေးစားငွေချေးလုပ်ငန်း လိုင်စင် ထုတ်ပေးရာတွင် လိုက်နာရမည့် အချက်အလက်များ | ၉ |
| ၇။ | အခန်း (၇) | မှတ်ပုံတင်ခြင်း | ၁၁ |
| ၈။ | အခန်း (၈) | တရားမမှုများစွဲဆိုခြင်း | ၁၃ |
| ၉။ | အခန်း (၉) | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၄ |
| ၁၀။ | အခန်း (၁၀) | တားမြစ်ချက်များ | ၁၆ |
| ၁၁။ | အခန်း (၁၁) | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၂၁ |
| ၁၂။ | အခန်း (၁၂) | အထွေထွေ | ၂၂ |

## ကယားပြည်နယ်အသေးစားငွေချေးလုပ်ငန်းဥပဒေ

**( ၂၀၂၁ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂၄ ။ )**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်**

**( ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )**

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကယားပြည်နယ် အသေးစားငွေချေးလုပ်ငန်း ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။



(ဂ) **ဝန်ကြီး** ဆိုသည်မှာ ကယားပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ကယားပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(င) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့်အရာရှိကို ဆိုသည်။

(စ) **အာမခံရှိသောချေးငွေ** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်း တစ်ရပ်ရပ်ကို အပေါင်ထား၍သော် လည်းကောင်း၊ ထိုပစ္စည်းပေါ်တွင် ရထိုက်ခွင့် သို့မဟုတ် ဆိုင်ရေးဆိုင်ခွင့်ကို အာမခံထား၍သော်လည်းကောင်း ထုတ်ချေးသည့်ငွေကို ဆိုသည်။

(ဆ) **အာမခံမရှိသောချေးငွေ** ဆိုသည်မှာ အာမခံရှိသော ချေးငွေမှတစ်ပါး အခြားချေးငွေကို ဆိုသည်။

(ဇ) **အတိုး** ဆိုသည်မှာ ထုတ်ချေးထားသောငွေပေါ်တွင် အဖိုးစားနားအဖြစ်ပေးရသောငွေကို ဆိုသည်။

(ဈ) **ချေးငွေ** ဆိုသည်မှာ ဤဥပဒေအရ အတိုးဖြင့် ထုတ်ချေးသောငွေ သို့မဟုတ် ပစ္စည်းကို ဆိုသည်။

(ည) **အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ** ဆိုသည်မှာ ဤဥပဒေအရ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

( ဋ ) **ငွေရင်း** ဆိုသည်မှာ ချေးယူသူအား ထုတ်ချေးလိုက်သည့်ငွေ သို့မဟုတ် ပစ္စည်းကို ဆိုသည်။

( ဌ ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

( ဍ ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကို ဆိုသည်။

( ဎ ) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ ဤဥပဒေအရ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများ၏ လုပ်ငန်းဆိုင်ရာအချက်အလက်များ ရေးသားမှတ်တမ်းတင်ထားသည့်စာရင်းကို ဆိုသည်။



**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အတိုးကြီးယူသော အသေးစားငွေချေး လုပ်ငန်းလုပ်ကိုင်သူများ၏ အန္တရာယ်မှ ပြည်သူများကို ကာကွယ်ရန်၊

( ခ ) သင့်တင့်သော အတိုးနှုန်းရှိသည့် ချေးငွေများဖြင့် ပြည်သူတို့၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်၊

( ဂ ) ချေးငွေစာချုပ်များအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်စေရန်၊

(ဃ) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူနှင့်ငွေချေးသူတို့၏ ရပိုင်ခွင့်၊ တာဝန်များ သတ်မှတ်ပေးရန်။

## အခန်း (၃)

## အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်-

(က) ကယားပြည်နယ်အစိုးရအဖွဲ့၊ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး

(ခ) ကယားပြည်နယ်ငွေရေးကြေးရေးကြီးကြပ် အဖွဲ့ဝင် စစ်ဆေးရေးဦးစီးဌာနမှအရာထမ်းတစ်ဦး

(ဂ) ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ဝင် အရာထမ်းတစ်ဦး

(ဃ) ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင် အရာထမ်းတစ်ဦး

(င) ကယားပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့ဝင် နှင့်စာရင်းအင်းဦးစီးဌာနမှအရာထမ်းတစ်ဦး

(စ) ကယားပြည်နယ်ဥပဒေချုပ်ရုံးမှ အဖွဲ့ဝင် ဥပဒေအရာရှိတစ်ဦး

(ဆ) ကယားပြည်နယ်ပြည်တွင်းအခွန်များ အတွင်းရေးမှူး ဦးစီးဌာနမှအရာထမ်းတစ်ဦး



## အခန်း (၄)

## အသေးစားငွေချေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းအား စိစစ်ခြင်းနှင့်ခွင့်ပြုခြင်း၊

(ခ) အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်သူများ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဂ) ချေးငွေပေါ်တွင်ခွင့်ပြုသည့် အတိုးနှုန်းသတ်မှတ်ခြင်း၊

(ဃ) အသေးစားငွေချေးလုပ်ငန်းလိုင်စင်များကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ သတ်မှတ်ရောင်းချခြင်း၊

(င) အသေးစားငွေချေးလုပ်ငန်းလိုင်စင် လျှောက်လွှာပုံစံနှင့်ထိုလျှောက်လွှာတွင်ပါရှိသည့် အကြောင်းအရာများ သတ်မှတ်ခြင်း၊

(စ) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်သက်တမ်းနှင့် လိုင်စင်ကြေးသတ်မှတ်ခြင်း၊

(ဆ) အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ကြေး သတ်မှတ်ခြင်း၊

(ဇ) စည်းကမ်း လိုက်နာမှုမရှိသော အသေးစားငွေချေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများကို စီမံခန့်ခွဲရေး ဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခြင်း၊

(ဈ) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ များကို အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊

(ည) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မှတ်ပုံတင်သူ၏အမည် ပြောင်းလဲခွင့်ပြုခြင်းနှင့် မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်း၊

(ဋ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့ခြင်းဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို အသေးစား ငွေချေးလုပ်ငန်းများမှလိုက်နာစေရန် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။



## အခန်း (၅)

## အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများ၏ အရေအတွက် သတ်မှတ်ချက်များ

၆။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) သတ်မှတ်ထားသည့် အရေအတွက်ထက် မကျော်လွန် စေဘဲ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် များကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ ရောင်းချရမည်။ ထိုသို့ ရောင်းချရသည့် ငွေများကို ကယားပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်း ရမည်၊

(ခ) လေလံတင်ဒါအောင်မြင်၍ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခွင့် ရရှိသူက လျှောက်ထားလာသည့်အခါ ပုဒ်မ ၇ ပါ သတ်မှတ်ချက် များနှင့်အညီစိစစ်ပြီး မှန်ကန်ပါက အသေးစားငွေချေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ထုတ်ပေးရမည်၊

(ဂ) ပုဒ်မခွဲ(ခ)အရ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် မှတ်ပုံတင် ကြေးကိုပေးသွင်း၍ ဤဥပဒေအရ မှတ်ပုံတင်ရမည်။

## အခန်း (၆)

## အသေးစားငွေချေးလုပ်ငန်း လိုင်စင်ထုတ်ပေးရာတွင် လိုက်နာရမည့် အချက်အလက်များ

၇။ ကြီးကြပ်ရေးအဖွဲ့သည် အောက်ပါအချက်အလက်များနှင့်အညီ အသေးစားငွေချေးလုပ်ငန်းလိုင်စင် ထုတ်ပေးရမည်-

(က) အသေးစားငွေချေးလုပ်ငန်းလိုင်စင်အတွက် လေလံတင်ဒါအောင်မြင်သူသည် မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အသေးစားငွေချေးလုပ်ငန်း လိုင်စင်လျှောက်လွှာပုံစံတွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်းရှိရမည်၊

(ဂ) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်သူသည် ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(ဃ) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို လိုက်နာသူဖြစ်ရမည်၊

(င) အသေးစားငွေချေးလုပ်ငန်း လိုင်စင် ရရှိသူသည် သတ်မှတ်ထားသော အသေးစားငွေချေးလုပ်ငန်း လိုင်စင်ကြေးကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ လိုင်စင်ခွင့်ပြုပြီး ၁၅ ရက်အတွင်း ပေးသွင်းရမည်၊



(စ) အသေးစားငွေချေးလုပ်ငန်းသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိသူဖြစ်ရမည်၊

(ဆ) လိုင်စင်ရရှိထားသည့် အသေးစားငွေချေးလုပ်ငန်းသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့ခြင်းဆိုင်ရာ တည်ဆဲဥပဒေနှင့် ပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

## အခန်း (၇)

## မှတ်ပုံတင်ခြင်း

၈။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူများအတွက် မှတ်ပုံတင်စာရင်း တစ်ခုထားရှိရမည်။

၉။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၀။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်လိုသူက လိုင်စင်ရရှိပြီး မှတ်ပုံတင်ခွင့် လျှောက်ထားလာသည့်အခါ စိစစ်၍ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ကြီးကြပ်ရေးအဖွဲ့သို့ ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းဖြင့်ရရှိသော မှတ်ပုံတင်ကြေးများကို ကယားပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။



၁၁။ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)အရ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်ဆက်တည်း ၁၂ လအထိ အတည်ဖြစ်သည်။

၁၂။ မှတ်ပုံတင်အရာရှိသည်-

(က) ထပ်မံလျှောက်ထားခြင်းမရှိသော သက်တမ်းကုန်ဆုံးသည့် မှတ်ပုံတင်လက်မှတ်များကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့မှ ပယ်ဖျက်ရန် ညွှန်ကြားသည့် မှတ်ပုံတင်လက်မှတ်ကို ချက်ချင်းသိမ်းယူ၍ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း (၈)

## တရားမမှုများစွဲဆိုခြင်း

၁၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်သက်တမ်းကုန်ဆုံးလျှင် သို့မဟုတ် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရလျှင် မည်သည့်တရားရုံးတွင်မျှ ထိုချေးငွေကိုပြန်လည်ရရှိရန် တရားစွဲဆိုခွင့်မရှိစေရ။ သို့ရာတွင် မှတ်ပုံတင်သက်တမ်း တည်ရှိနေစဉ်ကာလအတွင်း အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခဲ့သည့်ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၄။ ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ထုတ်ချေးသည့်ငွေအတွက် စွဲဆိုသည့်အမှုတွင် အာမခံရှိသည့်ချေးငွေဖြစ်စေ၊ အာမခံမရှိသည့်ချေးငွေဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့်ရာခိုင်နှုန်းထက်ပို၍ မည်သည့်တရားရုံးကမျှ အတိုးအတွက် ဒီကရီချမှတ်ခြင်း မပြုရ။

၁၅။ ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ထုတ်ပေးသည့်ချေးငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မူလထုတ်ချေးသည့် ငွေရင်းနှင့်မပေးဆပ်သေးဘဲ ကျန်ရှိနေသည့်အတိုးထက်ပို၍ မည်သည့်တရားရုံးကမျှ ဒီကရီချမှတ်ခြင်း မပြုရ။



## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၆။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူများအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်ချက်များကို ကန့်သတ်ချက်များပါဝင်သည့် အမိန့်ချမှတ်ခြင်း၊

(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဃ) လုပ်ငန်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(င) လိုင်စင်ပယ်ဖျက်ခြင်း။

၁၇။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၆ အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူရာတွင် အရေးယူခံရသော အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူအား ခုခံချေပခွင့်ပေးရမည်။

၁၈။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူသည် ကြီးကြပ်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ကို ကျေနပ်မှုမရှိပါက ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ် အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ အယူခံမှုတွင် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။



## အခန်း (၁၀)

## တားမြစ်ချက်များ

၂၀။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိသည့် ဤဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ် ရရှိမှသာ အသေးစားငွေချေးလုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။

၂၁။ (က) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူသည်-

(၁) ငွေချေးယူသူ အသီးသီးအတွက် အောက်ပါ အကြောင်းအရာများ ဖော်ပြသောငွေစာရင်းကို နည်းလမ်းတကျ ရေးမှတ်ထားရှိရမည်-

(က က) ချေးငွေထုတ်ပေးသည့် နေ့ရက်နှင့် စည်းကမ်းချက်များ၊ ထုတ်ပေးသည့် ငွေပမာဏ၊ တောင်းဆိုသည့်အတိုးနှုန်း၊ အာမခံထားရှိသည့် ပစ္စည်းများရှိလျှင် ထိုပစ္စည်းများ၊

( ခ ခ ) ချေးငွေနှင့်စပ်လျဉ်း၍ အသေးစားငွေ ချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင် ရရှိသူသည် ရရှိသည့်ငွေအသီးသီးနှင့် ထိုငွေ အသီးသီးကို ပေးဆပ်သည့် နေ့ရက်။

(၂) ငွေချေးယူသူထံငွေပေးလျှင် ငွေချေးယူသူက ငွေရကြောင်းလက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အားလည်းကောင်း၊ ငွေချေးယူသူထံမှ ပြန်ဆပ်ငွေကိုရလျှင် အသေးစား ငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူက သို့မဟုတ် ယင်း၏ကိုယ်စားလှယ်က ငွေရ ကြောင်း လက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ ငွေချေးယူသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အား လည်းကောင်း ထုတ်ပေးရမည်။

(၃) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိပ် (ကက)အရ ရေးမှတ်ထားသည့် ရေးသွင်းချက်များ၏ မိတ္တူမှန်တစ်စောင်ကို ချေးငွေထုတ်ပေးသည့် နေ့ရက်တွင် ငွေချေးယူသူအား သို့မဟုတ် ယင်း၏ကိုယ်စားလှယ်အားပေးရမည်။



(၄) အသေးစား ငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိသူက သို့မဟုတ် ထိုသူ၏ကိုယ်စား လှယ်က လက်မှတ်ရေးထိုးသည့် ငွေစာရင်း ရှင်းတမ်းတစ်ခုကို ငွေပြန်ဆပ်သည့်အချိန်တွင် ငွေချေးယူသူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ် အား ပေးရမည်။ ထို့ပြင် ထိုရှင်းတမ်းကို ရေးသားသည့်နေ့ရက်ထိ အရင်းနှင့် အတိုး အတွက် ငွေချေးယူသူက ပေးဆပ်ရန်ကျန်ရှိ နေသောငွေပမာဏကိုလည်းကောင်း၊ ရှင်းတမ်း နှင့်သက်ဆိုင်သည့် အချိန်ကာလအတွင်း ချေးငွေနှင့်စပ်လျဉ်း၍ အသေးစားငွေချေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ ပြန်လည် ရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီး ပေးဆပ်သည့် နေ့ရက်ကို လည်းကောင်း ရှင်းတမ်း၌ ဖော်ပြရမည်။

(၅) အပေါင် သို့မဟုတ် အာမခံထားသည့်ပစ္စည်း အသီးသီး ရရှိကြောင်းလက်မှတ်ကို ထိုပစ္စည်း အကြောင်းအရာ ယေဘုယျ ဖော်ပြချက်နှင့် တကွ ထိုပစ္စည်းကို ငွေမည်မျှနှင့် အပေါင် သို့မဟုတ် အာမခံထားကြောင်း ဖော်ပြလျက် အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်သူက ဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလှယ်ကဖြစ်စေ နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ ငွေချေး ယူသူအား ပေးရမည်။

(၆) ချေးငွေကို အပြေအကြေ ပေးဆပ်ပြီးလျှင် ပြီးချင်း ထိုချေးငွေကို ပြန်၍ပေးဆပ်မှုအတွက် ရယူထားသော စာချုပ်စာတမ်းအသီးသီးနှင့် တကွ အပေါင် သို့မဟုတ် အာမခံပစ္စည်း အားလုံးကို ငွေချေးယူသူအား ပြန်ပေးရမည်။

(ခ) ပုဒ်မခွဲ (က)အရ ပေးအပ်သော ငွေစာရင်းတွင် ရေးသွင်းချက်များ၏ မိတ္တူမှန် သို့မဟုတ် ငွေစာရင်း ရှင်းတမ်းမိတ္တူကို ငွေချေးယူသူအားပေးရသည့်အတွက် အခကြေးငွေမတောင်းရ။



၂၂။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူသည် တည်ဆဲဥပဒေတစ်ရပ်ရပ် သို့မဟုတ် ပဋိညာဉ်တွင် ဆန့်ကျင်ကွဲလွဲသည့် အချက် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေစတင်အာဏာတည် ပြီးနောက် ထုတ်ချေးသည့်ငွေများအတွက် သတ်မှတ်အတိုးနှုန်းထက် ပိုမယူရ။

၂၃။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူသည် အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ရာတွင် ဖြည့်သွင်းရေးသားရန် ကွက်လပ်တစ်ခုခုချန်၍ စာချုပ်စာတမ်းများကို ငွေချေးယူသူ သို့မဟုတ် ငွေချေးယူသူဖြစ်ရန် ကြံရွယ်သူထံမှယူမထားရ။

၂၄။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူသည် မိမိအသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ စာရင်းများကိုအစစ်ဆေးခံရန် ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိသူ ကိုသာ တင်ပြရမည်။

## အခန်း (၁၁)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၅။ မှတ်ပုံတင်ထားသည့် အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိသူများသည် ပုဒ်မ ၂၁၊ ၂၂၊ ၂၃၊ ၂၄ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။



## အခန်း (၁၂)

## အထွေထွေ

၂၇။ ချေးငွေပဋိညာဉ်တစ်ခုခုတွင်သော် လည်းကောင်း၊ အပေါင် စာချုပ်တစ်ခုခုတွင်သော် လည်းကောင်း၊ ဆန့်ကျင်ကွဲလွဲသည့်အချက် မည်သို့ပင်ပါရှိစေကာမူ အပေါင်ပစ္စည်း သို့မဟုတ် အာမခံပြုထားသည့် ပစ္စည်း ပြန်လည်ရွေးယူခွင့်ရှိသည့် ကာလအပိုင်းအခြားမှာ တည်ဆဲ ဥပဒေတွင် ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။ ဤပုဒ်မပါသတ်မှတ်ချက်များသည် တည်ဆဲဥပဒေနှင့်အညီ အပေါင်ဆိုင်လိုင်စင်ရသူထံ ပေါင်နှံထားသည့်ပစ္စည်းများနှင့် မသက်ဆိုင် စေရ။

၂၈။ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ တို့အရ တရားစွဲဆိုသောအမှုများကို ရဲအရေးပိုင်သောအမှုအဖြစ် သတ်မှတ်သည်။ ထိုသို့တရားစွဲဆိုရာတွင် ကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၂၉။ အသေးစားငွေချေးလုပ်ငန်းအား စစ်ဆေးရန် လိုအပ်သည့် အခြေအနေတွင် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ထိုအဖွဲ့မှတာဝန်ပေးအပ် သောအဖွဲ့သည် အသေးစားငွေချေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ငွေစာရင်းနှင့်လုပ်ငန်းများကို စစ်ဆေးနိုင်သည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးအဖွဲ့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

(ပုံ) ဘော့စ်ကို

ခေတ္တဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့